Burma Centre for Ethnic Studies
PEACE AND RECONCILIATION

Email: info@peacebuilding.se

လက်ရှိနိုင်ငံရေးသုံးသပ်ချက်စာတမ်း အမှတ် (၁)
၂၀၁၂ ခုနှစ် ဇန်နဝါရီလ

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် မြန်မာအစိုးရ အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်

သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် မြန်မာအစိုးရ တာဝန်ယူလာကတည်းကစပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်အကောင်အထည်ဖော် နေပါသည်။ ထို နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများထဲတွင် "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ" နှင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းကို "ထာဝရငြိမ်းချမ်းရေး" ဟူသော ကြွေးကြော်သံဖြင့် အပြင်းအထန်ကြိုးပမ်းနေသည်။ ထို့ကြောင့် ယခင် နဝတ၊ နအဖ ခေတ်ကတည်းက အပစ်အခတ် ရပ်စဲထားသော အဖွဲ့အစည်းများသာမက ယခင်က အပစ်အခတ်ရပ်စဲခြင်း မရှိသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ကိုလည်း အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ ကျင်းပရန် ဖိတ်ခေါ်ကမ်းလှမ်းလျှက် ရှိနေသည်။ ပဏာမအဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကို သက်ဆိုင်ရာ ပြည်နယ်အစိုးရများနှင့် တွေ့ဆုံဆွေးနွေးရမည် ဖြစ်ပြီး နိုင်ငံရေးဆွေးနွေးပွဲ များကိုမူ ပြည်ထောင်စုအစိုးရနှင့် တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်လျှက် ရှိနေသည်။

ပထမအဆင့် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများကို ကျင်းပရေးအတွက် သမ္မတဦးသိန်းစိန်၏ အကြံပေးပုဂ္ဂိုလ် လည်းဖြစ်၊ ရထားဝန်ကြီးတာဝန်ကိုလည်း အပ်နှင်းခြင်းခံရသူ ဦးအောင်မင်းက တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (၃) ခုဖြစ်သည့် ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) နှင့် ပဏာမ တွေ့ဆုံဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့ ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင် မဲဆိုင်မြို့တွင် ကျင်းပခဲ့ပါသည်။ ထိုမှတဆင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့တွင်၎င်း၊ ချင်းအမျိုးသားတပ်ဦး (CNF) နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၆) ရက်နေ့တွင်၎င်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင်၎င်း၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၂၈) ရက်နေ့တွင်၎င်း၊ မွန်ပြည်သစ်ပါတီ (NMSP) နှင့် ၂၀၁၂ ခု ဖေဖော်ဝါရီလ (၁) နေ့တွင်၎င်း ပဏာမ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးပွဲများကို ဆက်တိုက် လုပ်ဆောင်လျှက် ရှိနေပါသည်။

မကြာခင်က မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ်ရေးထိုးကြသော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ပြင်ဆင်နေကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနက် အနှစ် (၆၀) ပြည်တွင်းစစ်ကာလအတွင်း ဗမာ့တပ်မတော်ကို ရွတ်ရွတ်ချွံချွံ ခုခံတော်လှန်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်နေသည်ကို တွေ့ရပါမည်။ ယင်းတို့အထဲတွင် တပ်အင်အား ၇,၀၀၀ မှ ၈,၀၀၀ အကြားရှိသည့် ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)၊ အမြဲတမ်း တပ်မတော် အင်အား ၆,၀၀၀ မှ ၇,၀၀၀ အကြားရှိ

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) နှင့် စစ်သည်အင်အား ၈၀၀ မှ ၁,၅၀၀ ခန့် ရှိသည့် ကရင်နီတပ်မတော် (KA) တို့ဖြစ်သည်။ ထို့ပြင် ခန့်မှန်းချေ စစ်တပ်အင်အား ၂၀၀ မှ ၃၀၀ အကြားရှိသည့် ချင်းအမျိုးသားတပ်မတော် (CNA) နှင့် အင်အား (၁၀၀) ခန့် ရှိသည့် ရခိုင်လွတ်မြောက်ရေးတပ်မတော် (ALA) တို့ဖြစ်သည်။

ယခင် စစ်အစိုးရလက်ထက်တွင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲရာ၌ စစ်ဖက်ဆိုင်ရာ ရေးရာကိစ္စများကိုသာ ဆွေးနွေးခဲ့ပြီး နိုင်ငံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စများ ဆွေးနွေးခွင့် မပေးခဲ့ချေ။ ယင်းလုပ်ရပ်သည် မြန်မာအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ မည်သည့် အကြောင်းတရားကြောင့် လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲရသည်ဟူသော အရင်းအမြစ်ပြဿနာကို ဆွေးနွေးရန် ငြင်းဆိုခဲ့ခြင်းပင်ဖြစ်ပါသည်။ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းနိုင်ရေးအတွက် ပြဿနာအားလုံး၏ အရင်းအမြစ်ဖြစ်သော နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးအဖြေရှာရန် လိုအပ်နေပါသည်။ ယင်းကဲ့သို့ လက်နက်ကိုင် ပဋိပက္ခများ၏ အရင်းအမြစ်ဖြစ်သော နိုင်ငံရေးပြဿနာကို ဆွေးနွေးရန် ငြင်းဆိုခဲ့သောကြောင့် မြန်မာနိုင်ငံတွင် အနှစ် (၆၀) ကျော် ပြည်တွင်းစစ် ရင်ဆိုင်နေရပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုမျိုးစုံကိုလည်း ပြည်သူလူထုတရပ်လုံးက ခါးစည်းခံစားနေရခြင်း ဖြစ်ပါသည်။ ထို့အပြင် စစ်ဘေးစစ်ဒဏ်ကို တိုက်ရိုက်ထိတွေ့ခံစားနေရသော တိုင်းရင်းသားပြည်သူ တသိန်းငါးသောင်းကျော်ခန့် အိမ်နီးချင်းနိုင်ငံများတွင် ဒုက္ခသည်ဘဝအဖြစ် ရောက်ရှိနေကြရပါသည်။ ယင်းပြဿနာများအားလုံးကို ချုပ်ငြိမ်းရန် အပစ်အခတ်ရပ်စဲရေးခြေလှမ်းဖြင့် စတင်၍ နိုင်ငံရေးဆွေးနွေးပွဲအဆင့်သို့ တက်လှမ်းအဖြေရှာရန် လိုအပ်နေပါသည်။

## ယခင် သဘောတူညီချက်များ

မကြာခင်က ညှိနှိုင်းဆွေးနွေးခဲ့သည့် ဖြစ်စဉ်များသည် သိသာထင်ရှားစွာ ပြောင်းလဲခဲ့သည်။ ယခင်စစ်အစိုးရလက်ထက်နှင့် ဆွေးနွေးညှိနှိုင်းရာတွင် အခြေအနေများအပေါ် မူတည်၍သာ ပြောဆိုခဲ့ရပြီး ဦးသိန်းစိန် ဦးဆောင်သောအစိုးရ လက်ထက်တွင်မူ တောင်းဆိုမှုများ လျော့နည်းလာသည်။ အလွန်အရေးကြီးသည့် ပြောင်းလဲချက် အချက်တချက်မှာ ယခင်က အပစ်အခတ်ရပ်စဲရန်အတွက် မတွေ့ဆုံမီကပင် ကြိုတင်သဘောတူညီမှုများကို ထားခဲ့ရသည်။ မကြာခင်က တွေ့ဆုံဆွေးနွေးမှုများသည် မည်သည့် ကြိုတင် သဘောတူညီချက်များကို မထားသည့်အပြင် ယခင်ကကဲ့သို့ အလုံးစုံလက်နက်ချရေးအတွက် တောင်းဆိုမှုများလည်း မလုပ်ခဲ့ပေ။

အခြား ထူးခြားသော အချက်အလက်တခုမှာ ယခင်က တွေ့ဆုံဆွေးနွေးရန်အတွက် နေရာကို ပြည်တွင်းတွင်သာ သတ်မှတ်ခဲ့သည်။ သို့သော် မကြာခင်က လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်သည့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (ရှမ်းပြည်တောင်ပိုင်း တပ်မတော်) (RCSS/SSA-S)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ ကရင်အမျိုးသားအစည်းအရုံး (KNU) များနှင့် တွေ့ဆုံမှုများကို ထိုင်းနိုင်ငံ ချင်းရိုင်းခရိုင်တွင် ပြုလုပ်ခဲ့သည်။ ၎င်းအပြင် ကချင်လွတ်မြောက်ရေး အဖွဲ့အစည်း (KIO) ကိုလည်း တရုတ်နိုင်ငံ ရွှေလီမြို့တွင် တွေ့ဆုံခဲ့သည်။

သတင်းဌာနများ၏ သတင်းထုတ်ပြန်ချက်အရ - မြန်မာအစိုးရမှ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အောက်ပါ ကြိုတင်သဘောတူညီမှုများကို ချမှတ်ခဲ့သည်။

(၁) ပြည်ထောင်စုမှ ခွဲမထွက်ရန်၊

(၂) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ရေးကို သဘောတူညီရန်၊
(၃) စီးပွားရေးစီမံကိန်းများကို ပူးပေါင်းလုပ်ဆောင်ရန်၊
(၄) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ပူးပေါင်းလုပ်ဆောင်ရန်၊
(၅) နိုင်ငံရေးပါတီဖွဲ့စည်းပြီး ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်၊
(၆) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံရန်နှင့် ပြင်ဆင်ဖြည့်စွက် လိုအပ်ပါက ဥပဒေဘောင်အတွင်းမှ ပြုလုပ်ရန်၊
(၇) နိုင်ငံတနိုင်ငံ လက်နက်ကိုင်အဖွဲ့အစည်းတခုတည်းသာ ထားရန် ... တို့ဖြစ်သည်။

အထက်ပါ အချက်အလက်များသည် - မကြာခင်က တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများနှင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် ရယူထားသည့် သဘောတူညီချက်များတွင် အထက်ပါ အချက်အလက်များ ပါဝင်ခြင်း၊ ရေးသားချက်များဖြင့် ဖော်ပြမထားပေ။ ဖြစ်နိုင်သည်မှာ လာမည့် အနာဂတ် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွင် အထက်ပါ အချက်အလက်များကို ဆွေးနွေးသွားမည်ဟု ထင်မြင်ပါသည်။

## သဘောတူညီချက်များ

### ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (ရှမ်းပြည်တပ်မတော်/ တောင်ပိုင်း) – RCSS/ SSA-S

၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် နဝတ ခေါ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးကောင်စီ နှင့် ခွန်ဆာ ခေါင်းဆောင်သည့် မုန်းတိုင်းအာမီ (MTA) တို့ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သည်။ ထိုစဉ်က ရှမ်းပြည် တပ်မတော် - တောင်ပိုင်း (SSA-S) (ယခင် - ညီညွတ်သော ရှမ်းပြည်တော်လှန်ရေး တပ်မတော် SURA) သည် MTA ၏ အဖွဲ့ဝင်ဖြစ်သည်။ MTA မှ အပစ်အခတ်ရပ်စဲသည့်ကာလအတွင်းတွင် ဗိုလ်မှူးကြီး ယွက်ဆစ် ခေါင်းဆောင်သည့် တပ်အင်အားများသည် MTA မှ ပြန်လည်ခွဲထွက်လာပြီး ရှမ်းပြည်တပ်မတော် တောင်ပိုင်း (SSA-S) အဖြစ် ပြန်လည် ဖွဲ့စည်းထူထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများတွင် အင်အားကြီးမား သည့် အဖွဲ့အစည်းဖြစ်သည်ဟု ယုံကြည်ရပြီး လူသူလက်နက် အင်အား ၇,၀၀၀ ကျော်ရှိသည်။

ရှမ်းပြည်တပ်မတော် - တောင်ပိုင်း (SSA-S) သည် တပ်မဟာ (၅) ခုဖြင့် ဖွဲ့စည်းထားသည်။ ဌာနချုပ်မှာ လွိုင်တိုင်းလျန်း ဖြစ်ပြီး ထိုင်းနိုင်ငံနယ်စပ် ပန်မဖ မြို့နယ်၊ မယ်ဟောင်ဆွန်ခရိုင်တွင် တည်ရှိသည်။ အခြား တပ်မဟာဌာနများမှာ လွိုင်မုန်မိုင်း (မယ်ဟောင်ဆွန်နှင့် မျက်နှာချင်းဆိုင်)၊ လွိုင်လမ် (မျက်နှာချင်းဆိုင်ဖြစ်သည့် ဝိန်းဟဲန်မြို့နယ်၊ ချင်းမိုင်ခရိုင်)၊ လွိုင်ဆမ်ဆမ်စ် (မျက်နှာချင်းဆိုင်ဖြစ်သည့် ဖန်မြို့နယ်၊ ချင်းမိုင်ခရိုင်) နှင့် လွိုင်ကော်ဝမ်း (မျက်နှာချင်းဆိုင် ဖြစ်သည့် မေ့ဖလုန် မြို့နယ်၊ ချင်းရိုင်းခရိုင်) စသည့်နေရာများတွင် တည်ရှိသည်။ ရှမ်းပြည်တပ်မတော် တောင်ပိုင်းသည့် မြန်မာအစိုးရနှင့် ၂၀၁၁ ဒီဇင်ဘာလ (၂) ရက်နေ့တွင် တရားဝင်ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူသည့် ပထမဦးဆုံးသော အဖွဲ့အစည်းလည်း ဖြစ်သည်။

ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် "ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ" (UNFC) ၏ အဖွဲ့ဝင် မဟုတ်ပေ။ သို့သော် KNU, CNF,

ALP, KNPP, KNO နှင့် SSA-S အပါအဝင် (၆) ဖွဲ့ ဖြင့် စုပေါင်းဖွဲ့စည်းထားသည် "စစ်ရေးမဟာမိတ်" ၏ အဖွဲ့ဝင်ဖြစ်သည်။ ၂၀၁၁ ခုနှစ် မေလ (၂၁) ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည် တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S) နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ/ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSPP/SSA-N) တို့သည် အတူတကွ ပူးပေါင်းပြီ ဖြစ်ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုစဉ်က ၂၀၁၁ ခု မတ်လမှ စတင်၍ မြန်မာအစိုးရတပ်များက ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) ကို အပြင်းအထန်တိုက်ခိုက် ချေမှုန်းလျှက်ရှိနေသည်။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) ကလည်း ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) ဘက်မှ ကူညီဝန်းရံတိုက်ခိုက် ပေးခဲ့သည်။ ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ၏ ဗဟိုဌာနချုပ်တဝိုက်ရှိ ဖြစ်ပွားနေသော တိုက်ပွဲများသည်လည်း ဒီဇင်ဘာလအတွင်းတွင် ရပ်စဲခဲ့ပြီး မြန်မာအစိုးရတပ်များကလည်း ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ မြန်မာအစိုးရတပ်များမှ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) ကို တဖန်ပြန်လည်တိုက်ခိုက်မည့် အရိပ်အရောင်များ၊ ရေရှည်အစီအမံများကိုလည်း မတွေ့ရတော့ပေ။ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) နှင့် မြန်မာအစိုးရအကြား အပစ်အခတ်ရပ်စဲရေးသည်လည်း ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) (SSA-N) နှင့် အထိုက်အလျောက် သက်ဆိုင်ခြင်း မရှိပေ။

၂၀၁၁ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ချင်းရိုင်းမြို့တွင် ရှမ်းပြည်တပ်မတောင် (တောင်ပိုင်း) (SSA-S) နှင့် မြန်မာအစိုးရတို့အကြား ပထမဦးဆုံးအကြိမ်တွေ့ဆုံဆွေးနွေးမှုကို ကျင်းပနိုင်ခဲ့သည်။ ထိုတွေ့ဆုံမှုတွင် ရှမ်းပြည် တပ်မတော် (တောင်ပိုင်း) (SSA-S) မှ အနာဂတ်တွေ့ဆုံညှိနှိုင်းမှုများအတွက် အောက်ပါ အချက် (၄) ချက်ကို တင်ပြခဲ့သည်။

(၁) နှစ်ဦးနှစ်ဘက် အပစ်ရပ်စဲရန်
(၂) နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်
(၃) မိမိနယ်မြေ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်သွားနိုင်ရန် နှင့်
(၄) မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် တို့ဖြစ်သည်။

ဒုပိုလ်ချုပ်ကြီး စဝ်ယွတ်ဆစ်မှ ဦးအောင်မင်းကို ပြောခဲ့သည်ကို တခုသော သတင်းဌာနမှ ဖော်ပြရာတွင် -

> "ကျနော်တို့ ရှမ်းပြည်သားတွေ အမှောင်ထုထဲမှာ နေလာရတာ နှစ်ပေါင်း (၅၀) ကျော်ပါပြီ။ ခုကျနော်တို့ တွေ့ဆုံဆွေးနွေးမှုဟာ ရှမ်းပြည်သူလူထုအတွက် ရောင်ခြည်ဦးလေးလို့ ဆိုနိုင်ပါတယ်။ ဒါပေမဲ့ နိုင်ငံရေး အပြောင်းအလဲမရှိပဲ ဆက်လက်အဖိနှိပ်ခံ နေရဦးမယ်ဆိုရင်တော့ ထွန်းတောက်လာမဲ့ နေရောင်ခြည်တွေဟာ နေကျပ်လို့ အမှောင်ထု ဖုံးလွှမ်း မှေးမှိန်ပျောက်ကွယ်သွားမှာကို စိုးရိမ်ရတယ်" ဟု ပြောဆိုသွားခဲ့သည်။

ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ (၂) ရက်နေ့၌ ကျင်းပခဲ့သည်။ သဘောတူညီချက် လက်မှတ်ရေးထိုးရာတွင် အောက်ပါအချက်များ ပါဝင်သည်။

(၁) နှစ်ဦးနှစ်ဖက် ပစ်ခတ်တိုက်ခိုက်မှုများရပ်ဆိုင်းထားရန်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်ဆိုင်းကြောင်း နှစ်ဦးနှစ်ဖက်ရှိ ၎င်းတို့၏ တပ်များထံ ညွှန်ကြားချက်များ အပြန်အလှန်ပေးပို့သွားမည်။

(၂) ၂၀၁၁ ခု နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S) မှ တင်ပြတောင်းဆိုသည့် အချက် (၄) ချက်ကို မူအားဖြင့် သဘောတူသည်။
(၃) နှစ်ဦးနှစ်ဖက် သဘောတူညီမှု ညှိနှိုင်းရရှိထားသော သတ်မှတ်နေရာများတွင် နေထိုင်ရန် သဘောတူသည်။
(၄) နှစ်ဦးနှစ်ဖက် သဘောတူညီထားသော သတ်မှတ်နေရာများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်ဆောင် သွားလာမှုများကို နှစ်ဦးနှစ်ဖက် ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။ နယ်မြေသတ်မှတ်မှုအား ပြည်ထောင်စုအဆင့် ဆွေးနွေးသည့်အခါ ဆက်လက်ညှိနှိုင်းဆွေးနွေး သွားမည်။
(၅) နှစ်ဦးနှစ်ဖက် အပြန်အလှန် ပြောဆိုဆက်ဆံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် တောင်ကြီး၊ ကျိုင်းတုံ၊ ခိုလမ်၊ တာချီလိတ်နှင့် မိုင်းတုံ စသည့် (၅) နေရာတို့တွင် ဆက်ဆံရေးရုံးများ ဖွင့်လှစ်စေပြီး၊ နှစ်ဘက်သဘောတူညီ ကြသော ပုဂ္ဂိုလ်များ၊ လက်နက်ကိုင်ဆောင်ခွင့်များ ထားရှိစေရမည်။ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး ဆွေးနွေးစဉ် ဆက်ဆံရေး ရုံးများတိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းသွားမည်။
(၆) မူးယစ်ဆေးဝါးအန္တရယ်တားဆီးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူသည်။
(၇) ပြည်ထောင်စုအစိုးရက ဖွဲ့စည်းထားသည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး အဖွဲ့နှင့် ဆွေးနွေးရန်အတွက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/ SSA-S) မှ ကိုယ်စားလှယ်အဖွဲ့အား တရားဝင်ဖွဲ့စည်းသွားရန်နှင့် ဆွေးနွေးမည့် နေ့ရက်၊ နေရာ နှင့် အချိန်များကို ဆက်လက် ညှိနှိုင်းဆွေးနွေးရန် သဘောတူသည်။
(၈) နှစ်ဦးနှစ်ဖက်မှ ကျန်ရှိကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် … သဘောတူသည်။

မည်သို့ပင်ဆိုစေကာမူ ပဏာမ သဘောတူညီမှုလက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် နယ်မြေဆက်စက်မှုအရ သော်၎င်း၊ စစ်တပ်လှုပ်ရှားမည့် ဧရိယာများအတွက် သော်၎င်း စသည့် ကိစ္စများ အစပျိုး ရှုပ်ထွေးမှုများ ဖြစ်ခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုအတွင်းတွင် သိသာထင်ရှားသော သဘောတူညီချက်များအရ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) မှ မြို့၏ ပြင်ပဧရိယာများတွင် လုံခြုံရေးတာဝန်များကို ယူမည်ဖြစ်ပြီး ကျန်သည့် မြို့တွင်းနှင့် ဆက်သွယ်ရေး လမ်းကြောင်းဖြစ်သည့် မော်တော်ကားလမ်းများ တဝိုက်တွင် မြန်မာအစိုးရတပ်မှ တာဝန်ယူမည်ဖြစ်သည်။ သို့သော် သိသာထင်ရှားသည်မှာ မြန်မာအစိုးရတပ်က ယခင်ကကဲ့သို့ စစ်တပ်လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်သော ကြောင့် ၂၀၁၁ ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် နှစ်ဖက်တပ်များအကြား တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် မြန်မာအစိုးရ တပ်သား (၃) ယောက် ဒဏ်ရာရခဲ့သည်။ ယင်းတိုက်ပွဲကြောင့် ရှမ်းအဖွဲ့အစည်းများအကြားတွင် မြန်မာအစိုးရ၏ ရိုးသားဖြောင့်မတ်မှုနှင့် စေတနာမှန်ကန်မှုတို့သည် မေးခွန်းထုတ်ဖွယ် ဖြစ်လာခဲ့ရသည်။

ယင်းကို ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) က ပဓါနမထားပဲ ပြည်နယ်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် ပဏာမ အဆင့်အဖြစ် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့သည်။ ပထမအကြိမ်ဖြစ်သည့် နှစ်ဖက်တိုက်ပွဲ မဖြစ်မီ ၂၀၁၁ ခု ဒီဇင်ဘာလ (၁၇) ရက်နေ့ တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) ၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကိုယ်စားလှယ်များက ပြောဆိုရာ၌ ဆွေးနွေးမှုအစီအစဉ်တွင် ပါဝင်ထားသည့် "ခွဲမထွက်ရေး" ဆိုသည့် စာပိုဒ်သည် အနာဂတ် ညှိနှိုင်းဆွေးနွေးရေးအတွက် အဟန့်အတားတခု ဖြစ်နေသည်။ ယင်းစာပိုဒ်ကို "ဝ" ပြည် အမျိုးသား စည်းလုံးညီညွတ်ရေး တပ်မတော် (UWSA), မိုင်းလား တပ်မတော် (NDAA-ESS), ကလိုထူးဘော (Klo Htoo Baw) စောလာဘွယ် ခေါင်းဆောင်သည့် (DKBA) တို့က လက်ခံခဲ့ပြီး ဖြစ်သည်။ ခွဲထွက်ပိုင်ခွင့်သည် ပင်လုံစာချုပ်အရ ရေးသားပြဋ္ဌာန်းခဲ့သည့် နှင့် ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၁ နှင့် ၂၀၂ အရ တရားဝင် ရှိနေသေးသည်။ ယင်းကိစ္စသည် ပင်လုံစာချုပ်ကို ဆက်လက်ထိန်းသိမ်းသည့် တိုင်းရင်းသားလူမျိုးအချို့တို့၏ အရေးနှင့် ပတ်သက်၍

အလွန်အရေးကြီးသည်။ ပင်လုံစာချုပ်သည် တရားဝင်အရ တိုင်းရင်းသားလူမျိုးများတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေးကို ပေးထားသည်။ မည်သို့ပင်ဆိုစေကာမူ နောက်ဆုံးတွင် ယင်းအချက်အလက်များကို လာမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးအဖွဲ့များ နှင့် တွေ့ဆုံဆွေးနွေးရာတွင် ယင်းအချက်များကို ဆွေးနွေးသွားမည်။ ၂၀၁၁ ဒီဇင်ဘာလ (၃၁) ရက် ဒုတိယအကြိမ်တွေ့ဆုံမှုတွင် အထူးစီးပွားရေးဇုံ အရေးကိစ္စကိုလည်း ဆွေးနွေးခဲ့သည်။ သို့သော် သဘောတူညီ ချက်များအရ ယင်းကိစ္စကိုလည်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဆွေးနွေးသွားမည် ဖြစ်ပါသည်။

၂၀၁၂ ဇန်နဝါရီလ (၁၆) ရက်နေ့ နောက်ဆုံးတွေ့ဆုံခဲ့သည့် ဆွေးနွေးပွဲတွင် တောင်းဆိုချက်များ၊ ဆက်ဆံညှိနှိုင်း ဆောင်ရွက်ရန်အတွက် ရုံးများဖွင့်လှစ်ရေးအတွက် အသေးစိပ်ညှိနှိုင်းချက်များမှာ အောက်ပါအတိုင်း သဘောတူညီမှု များ ရခဲ့သည်။

(၁) ရှမ်းပြည်တောင်ပိုင်း ဟိုမိန်းမြို့နှင့် ရှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းထားမြို့အား ရှမ်းပြည်တပ်မတော် (တောင်းပိုင်း) (SSA-S) ၏ ဌာနချုပ်ရုံးစိုက်ရာမြို့များအဖြစ် သဘောတူညီသည်။

(၂) ရှမ်းပြည်တပ်မတော်၏ အဖွဲ့ဝင်များနှင့် မိသားစုများ၏ နေထိုင်စားသောက်မှု စီမံပေးရေးအတွက် ရှမ်းပြည် တပ်မတော်နှင့် အစိုးရကိုယ်စားလှယ်များက ထပ်မံဆွေးနွေးသွားမည်။

(၃) တပ်တွင်းအုပ်ချုပ်ရေးကို ရှမ်းပြည်တပ်မတော်မှ တာဝန်ယူမည်ဖြစ်ပြီး မြို့နယ်အဆင့်အုပ်ချုပ်ရေး၌မူ ရှမ်းပြည်တပ်မတော်နှင့် အစိုးရတို့ ပူးပေါင်းအုပ်ချုပ်သွားမည်။

(၄) ရှမ်းပြည်တပ်မတော်၏ ဌာနချုပ်ရုံးစိုက်ရာ မြို့ (၂) မြို့အား အစိုးရစစ်တပ်က လုံခြုံရေးအတွက် ပူးပေါင်း တာဝန်ယူသွားမည်။

(၅) နယ်စပ်ဂိတ်များအတွက် လုံးခြုံရေးတာဝန်အား ရှမ်းပြည်တပ်မတော်နှင့် အစိုးရတပ်မတော်တို့ ပူးပေါင်းတာဝန် ယူသွားမည်။

(၆) တဖက် ထိန်းချုပ်နယ်မြေသို့ လက်နက်ကိုင်ဆောင်ဝင်ထွက်မည်ဆိုပါက ကြိုတင်အကြောင်းကြားထား ကြရမည်။

(၇) နှစ်ဖက်ဆက်ဆံရေးရုံးအား ရှမ်းပြည်မြို့တော် တောင်ကြီး၊ အရှေ့အလယ်ပိုင်းတိုင်းရုံးစိုက်မည့် ခိုလမ်၊ ရှမ်းပြည် အရှေ့ပိုင်း ကျိုင်းတုံ၊ တာချီလိတ် နှင့် မိုင်းတုံမြို့တို့တွင် အမြန်ဆုံးဖွင့်လှစ်နိုင်အောင် ကြိုးစားမည်။ မူဆယ်နှင့် နမ့်ခမ်းမြို့တို့တွင်မူ စီးပွားရေးကိုယ်စားလှယ်ရုံး ဖွင့်လှစ်မည်။

(၈) စတင်လုပ်ဆောင်နိုင်မည့် စီးပွားရေးလုပ်ငန်းများကို ချမှတ်ခဲ့ပြီး ပညာရေးနှင့် ကုမ္ပဏီဖွင့်လှစ်ရေးအတွက်မူ ပြည်ထောင်စုဝန်ကြီးများက ဆက်လက်တာဝန်ယူဆောင်ရွက် ပေးမည်။

(၉) စီးပွားလုပ်ဆောင်မည့် နယ်မြေများအတွက် အစိုးရနှင့် ဆက်လက်ဆွေးနွေးပြီး ချမှတ်လုပ်ဆောင်သွားမည်။

(၁၀) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိုလည်း အစိုးရနှင့် လက်တွဲဆောင်ရွက်သွားမည်။

(၁၁) ဇန်နဝါရီလ (၁၆) ရက်နေ့ ဆွေးနွေးပွဲတွင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ တင်ပြသော အချက်အလက်များအားလုံးကို သဘောတူ လက်မှတ်ရေးထိုးသည်။ ထပ်မံပြင်ဆင်ဖြည့်စွက်လိုသည့် အချက်များကို ပြည်ထောင်စုအဆင့် နောက်ဆက်တွဲ တွေ့ဆုံပွဲများ၌ ဆက်လက်ဆွေးနွေးသွားမည် - ဟု ပါရှိပါသည်။

အသစ်ရရှိထားသော သဘောတူညီချက်များကို နှစ်ဖက်စလုံးမှ လက်မှတ်ရေးထိုးကြသော်လည်း ဆက်လက် ဆွေးနွေးညှိနှိုင်းပြီး အဖြေရှာယူရမည့် ကိစ္စရပ်များ များစွာရှိပါသေးသည်။ ယင်းတို့အနက် နှစ်ဦးနှစ်ဖက် စစ်တပ်နေရာချထားရေး ကိစ္စများကိုလည်း ဆက်လက်ဆွေးနွေးရန် လိုအပ်နေသေးသည်။

## ချင်းအမျိုးသားတပ်ဦး (CNF)

ချင်းအမျိုးသားတပ်ဦး (CNF) ၏ ချင်းအမျိုးသားတပ်မတော် (CNA) ကို ချင်းလူမျိုးများ၏ နိုင်ငံရေးအခွင့်အရေးများ အတွက် ၁၉၈၀ ဆယ်စုနှစ် နောက်ပိုင်းနှစ်များတွင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၎င်း ချင်းအမျိုးသားတပ်မတော် (CNA) သည် အိန္ဒိယ နှင့် မြန်မာနိုင်ငံ နယ်စပ်တလျှောက်တွင် လှုပ်ရှားလျက်ရှိသည်။ ချင်းအမျိုးသားတပ်ဦး (CNF)/ ချင်းအမျိုးသား တပ်မတော် (CNA) ၏ ရည်ရွယ်ချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိန်းသိမ်းရန်နှင့် ဒီမိုကရေစီနှင့် လွတ်လပ်မှုကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရေး ပင်ဖြစ်သည်။

ချင်းအမျိုးသားတပ်ဦးသည် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) အဖွဲ့ဝင် အဖြစ်၎င်း၊ ၁၉၉၂ ခုနှစ်တွင် ဒီမိုကရက်တစ် မဟာမိတ် - မြန်မာနိုင်ငံ (DAB) ၏ အဖွဲ့ဝင် အဖြစ်၎င်း၊ ၁၉၉၉ တွင် ဖွဲ့စည်းခဲ့သည့် "စစ်ရေးမဟာမိတ် (၆) ဖွဲ့" ၏ အဖွဲ့ဝင် အဖြစ်၎င်း၊ ၂၀၁၁ ဖေဖော်ဝါရီလတွင် ဖွဲ့စည်းခဲ့သည့် "ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ" (UNFC) ၏ အဖွဲ့ဝင်အဖြစ်၎င်း ပါဝင်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ချင်းခရစ်ယာန်သင်းအုပ်ဆရာများဖြင့် ဖွဲ့စည်းထားသော ငြိမ်းချမ်းရေးအကျိုးဆောင်ကော်မတီအဖွဲ့မှ ချင်းအမျိုးသားတပ်ဦးကို အပစ်အခတ်ရပ်စဲရေးအတွက် လာရောက်တင်ပြတောင်းဆိုခဲ့သည်။ စစ်အစိုးရတပ်မှ စေလွှတ်ခဲ့သည့် ယင်း သင်းအုပ်ဆရာများ (ငြိမ်းချမ်းရေးအကျိုးဆောင်များ) သည် ချင်းအမျိုးသားတပ်ဦးနှင့် ပထမအကြိမ် ၁၉၉၄ ခု စက်တင်ဘာလ (၂၅) ရက်နေ့တွင်သော်၎င်း၊ ဒုတိယအကြိမ် ၁၉၉၇ ခု ဇန်နဝါရီလ (၂၅) ရက်မှ (၂၆) ရက်နေ့တွင်သော်၎င်း၊ တတိယအကြိမ် ၁၉၉၇ ဧပြီ (၂၀) ရက်နှင့် (၂၁) ရက်နေ့များတွင်သော်၎င်း၊ စတုတ္ထအကြိမ် ၁၉၉၇ ဇူလိုင်လ (၉) ရက်နေ့တွင်သော်၎င်း တွေ့ဆုံခဲ့သည်။ တွေ့ဆုံညှိနှိုင်းသည့် အတောအတွင်း မြန်မာစစ်အစိုးရမှ တောင်းဆိုခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) နိုင်ငံရေးစကားပြောလိမ့်မည် မဟုတ်။
(၂) ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စများကိုသာ ပြောမည်။
(၃) ချင်းအမျိုးသားတပ်ဦး လက်နက်ချပြီး ငြိမ်းချမ်းစွာနေထိုင်သင့်သည်။
(၄) ချင်းအမျိုးသားတပ်ဦးသည် ဒီမိုကရက်တစ် (မြန်မာနိုင်ငံ) (DAB) နှင့် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF) တို့၏ ကိုယ်စားလှယ်များ မဖြစ်စေရ။
(၅) အပစ်အခတ်ရပ်စဲရေးသဘောတူညီပြီးနောက်ပိုင်း အတိုက်အခံအင်အားစုများနှင့် ဆက်ဆံရေး လုံးဝမပြုလုပ်ရ ... ဟူ၍ ဖြစ်သည်။

စစ်အစိုးရသည် အတိုက်အခံ တိုင်းရင်းသားအင်အားစုများနှင့် ငြိမ်းချမ်းရေးစကားပြောဆိုရာ၌ ဆွေးနွေးညှိနှိုင်းရာတွင် နိုင်ငံရေးကိစ္စများ ဆွေးနွေးခြင်းကို အမြဲတမ်း ငြင်းဆိုခဲ့သည်။ ယင်းကြောင့် ပဏာမငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ချင်းအမျိုးသားတပ်ဦးမှ ငြင်းပယ်ခဲ့ရခြင်း ဖြစ်သည်။ ချင်းအမျိုးသားတပ်ဦးသည် အခြားအဖွဲ့အစည်းများ နည်းတူ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့သည်။ မြန်မာစစ်အစိုးရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားလူမျိုးများအင်အားစုများ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းသည် အလားအလာကောင်းသော ရွေးချယ်မှု ဖြစ်သည်။ ၂၀၀၇ ခု နောက်ဆုံးအကြိမ် စကားပြောဆိုရာတွင် အောင်မြင်မှုမရခဲ့ပေ။ အကြောင်းပြချက်မှာ ယခင်ကဲ့သို့ အတိုင်းသာဖြစ်ခဲ့သည်။ စစ်အစိုးရက ပဏာမ ဆက်လက်ညှိနှိုင်းဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် ချင်းအမျိုးသား တပ်ဦး (CNF) လက်နက်ချမှသာ ဖြစ်နိုင်မည်ဟု တောင်းဆိုခဲ့သည်။

မကြာသောကာလအတွင်းက တွေ့ဆုံမေးမြန်းချက်တခုတွင် ချင်းအမျိုးသားတပ်ဦး (CNF) ၏ ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ရှွေခါးရဲ က မြန်မာအစိုးရ၏ ကမ်းလှမ်းချက်ကို လက်ခံရခြင်း အကြောင်းအရင်းကို ရှင်းပြရာတွင် -

"၁၉၉၄ ခု ကတည်းက ချင်းအမျိုးသားတပ်ဦးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ/ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ဆက်သွယ်မှုများ ရှိခဲ့တယ်။ ၂၀၀၇ ခုနှစ်မှာ ကျနော်တို့ တွေ့ဆုံပွဲတရပ် ကျင်းပခဲ့တယ်။ အဲ့ဒီတုန်းက တွေ့ဆုံဆွေးနွေးပွဲမှာတော့ စစ်အစိုးရရဲ့ လမ်းစဉ်ဖြစ်တဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး လဲ့လှယ်ရေးကို ကျနော်တို့ဖက်က လက်မခံနိုင်တဲ့အတွက်ကြောင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် လက်မှတ် ရေးမထိုး နိုင်ခဲ့ဘူး။ ယနေ့ကာလမှာ အပစ်အခတ် ရပ်စဲရေး လက်ခံရခြင်းဟာ အပစ်အခတ်ရပ်စဲရေး အတွက် သက်သက်သာ မဟုတ်ပဲ နိုင်ငံရေးအရ တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများ ပါဝင်လာတာကြောင့် ဖြစ်တယ်။ ကျနော်တို့က နိုင်ငံရေးကိစ္စကို နိုင်ငံရေးဘောင်အတွင်းမှာ တွေ့ဆုံညှိနှိုင်းဆွေးနွေးရေးကို တောင်းဆိုခဲ့တော့ အစိုးရဖက်ကလည်း လက်ခံခဲ့တယ်။"

သတိပြုသင့်သည့် အချက်ကို သူကပြောဆိုရာတွင် -

"ကျနော်တို့ နားလည်သင့်တာက အပစ်အခတ်ရပ်စဲခြင်းသည် လက်နက်ချခြင်း မဟုတ်ဘူး။ တရားဝင် ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းလည်း မဟုတ်ဘူး။ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးညှိနှိုင်းဖို့ အတွက် တံခါးဖွင့်ထားခြင်းပဲ ဖြစ်တယ်။ လူတွေတောင်မှ အများပြည်သူရှေ့မှာ ဘုရားသခင်ရှေ့မှောက်မှာ တရားဝင်လက်ထပ် ထားတာတောင်မှ ကွာရှင်းတတ်ကြတာပဲ။ ကျနော်တို့ သတိထားရမှာက သဘောတူညီချက် ဖြစ်ပေမဲ့ ဒါဟာ အချိန်အခါမရွေး ပျက်စီးတတ်ပါတယ်။"

ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် သဘောတူညီမှုများရခဲ့သော်လည်း ရှေ့ဆက် ပြည်ထောင်စု အဆင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့အဆင့်တွင် ထပ်မံဆွေးနွေးသွားမည်။ သဘောတူညီမှု ရရှိသည့် အချက် (၉) ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) ဤ သဘောတူညီချက်လက်မှတ်ရေးထိုးသည့် အချိန်မှစပြီး ရန်လိုမှု ပစ်ခတ်တိုက်ခိုက်မှုများကို ချက်ချင်း ရပ်ဆိုင်းရန်၊
(၂) ဤ သဘောတူညီချက်ပါ အကြောင်းအရာများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ် ထန်တလန်မြို့တွင် ဆက်ဆံရေးရုံး ဖွင့်ရန်၊ တီးတိန်နှင့် မတူပီမြို့များတွင်ဆက်ဆံရေး ရုံးဖွင့်ရေးကိုမူ ပြန်လည် အကြောင်းကြားမည် ဖြစ်သည်။ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်ဆိုင်းထားစဉ် ကာလအတွင်း ထန်တလန်မြို့နယ် ကျေးရွာ အုပ်စုသုံးခုတွင် ယာယီနေထိုင်ခွင့်ပြုရန်၊ တီးတိန်နှင့် ပလက်ဝမြို့နယ် ကျေးရွာအုပ်စု များတွင် ယာယီနေထိုင်ခွင့်ကိုမူ ပြန်လည်အကြောင်းမည်ဖြစ်သည်။
(၃) လက်နက်ကိုင်ဆောင်ခြင်းမပြုသည့် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်တပ်ဖွဲ့ဝင်အားလုံးသည် ပြည်ထောင်စုအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်၊
(၄) ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အတွက် အချိန်နှင့် နေရာ သတ်မှတ်နိုင်ရေးအတွက် အမြန်ဆုံး ထပ်မံတွေ့ဆုံရန်၊ ပြည်ထောင်စုအဆင့်နှင့်

ထပ်မံတွေ့ဆုံရာတွင် ဒို့တာဂန်အရေးသုံးပါးအပြင် ပြည်ထောင်စုအရေးနှင့် တိုင်းရင်းသားအရေး၊ ဒီမိုကရေစီထွန်းကားရေးတို့ကို မူအားဖြင့် အခြေခံပြီး တွေ့ဆုံဆွေးနွေးရန်၊

(၅) ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရာတွင် ချင်းပြည်သူများ၏ သဘောထားများကို အခြေခံ ဆွေးနွေးနိုင်ရေးအတွက် ဤ သဘောတူညီချက်ပြုလုပ်ပြီးသည်နှင့် တပြိုင်နက် ချင်းအမျိုးသား တပ်ဦး၊ တပ်မတော်သားများအား ပြည်တွင်းပြည်ပရှိ ချင်းပြည်သူများနှင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေး ခွင့်ပြုရန်၊

(၆) ချင်းပြည်သူပြည်သားများ ရင်ဆိုင်နေရသည့် အစာရေစာပြတ်လပ်မှု၊ ဆေးဝါးပြတ်လပ်မှု၊ သောက်သုံးရေသန့် ပြတ်လပ်မှု ပြဿနာများအား ဖြေရှင်းနိုင်ရန် နိုင်ငံတကာမှ ပရဟိတအဖွဲ့များအား တည်ဆဲဥပဒေနှင့် အညီ ပြည်ထောင်စု အတွင်း လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပြုရန်၊

(၇) ပြည်ထောင်စုအတွင်း အဆင်းရဲဆုံးပြည်နယ်ဖြစ်သည့် ချင်းပြည်နယ်အား ခေတ်မီတိုးတက်သည့် ပြည်နယ်သို့ အသွင်ပြောင်းနိုင်ရန် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် စီးပွားရေး အထူးဇုံများကို ချင်းအမျိုးသားတပ်ဦးမှ တည်ဆဲဥပဒေနှင့် အညီ ဦးဆောင်ပြုလုပ်ရန်၊ စီးပွားရေးအထူးဇုံ ထူထောင်ရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ချင်းအမျိုးသား တပ်ဦးတို့သည် လုပ်ငန်းဖော်ဆောင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ရန်၊

(၈) ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတပ်ဦးနှင့် ချင်းပြည်နယ်အစိုးရတို့သည် အပြန်အလှန်အကြံပေး ပူးတွဲလုပ်ဆောင်ညှိနှိုင်းမှုများ ပြုလုပ်ရန်၊

(၉) ချင်းပြည်နယ်မြောက်ပိုင်းရှိ ဘိန်းခင်းများ၊ ဘိန်းလုပ်ငန်းများ၊ ဘိန်းကုန်ကူးခြင်းများ အမြစ်ပြတ် ချေမှုန်းရေးကို ချင်းပြည်နယ်အစိုးရနှင့် ချင်းအမျိုးသားတပ်ဦးတို့ အပြန်အလှန် ပူးပေါင်းလုပ်ဆောင်သွားရန် … စသည်တို့ ဖြစ်သည်။

## ကရင်အမျိုးသားအစည်းအရုံး (KNU)

ကရင်အမျိုးသားတို့၏ တော်လှန်ရေးသည် သက်တမ်း (၆၃) နှစ် ရှိခဲ့ပြီး ကမ္ဘာတွင် အကြာရှည်ဆုံး တော်လှန်ရေးတခု အပါအဝင်ဖြစ်သည်။ သမိုင်းမှတ်တမ်းအရ မြန်မာအစိုးရကို နိုင်ငံရေးအရရော စစ်ရေးအရပါ ပြင်းထန်သည့် ခြိမ်းခြောက်မှုများနှင့် အကြပ်အတည်းအများဆုံးပေးခဲ့သည့် အရှည်ကြာဆုံး တော်လှန်ရေးဖြစ်ခဲ့သည်။ အပစ်အခတ် ရပ်စဲရေးအတွက် ၁၉၄၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့တွင် ကြေညာခဲ့ကတည်းက ကရင်အမျိုးသားအစည်းအရုံး (KNU) သည် မြန်မာအစိုးရနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုစဉ် အတောအတွင်း တွေ့ဆုံဆွေးနွေး မှုသည် ကော်သူးလေ ခေါ် လွတ်လပ်သောကရင်ပြည် နှင့် ကရင်တပ်မတော်မှ လက်နက်ဆက်လက်ကိုင်ဆောင် ထားရေး အတွက် ဆွေးနွေးခဲ့သည်။ ၂၀၀၄ ခု ကာလအတွင်း တွေ့ဆုံမှုသည် စစ်အစိုးရလက်အောက်တွင် နေထိုင် နေကြသော အဖိနှိပ်ခံ ကရင်ပြည်သူလူထုတို့ကို ကာကွယ်စောင့်ရှောက်ရန်နှင့် အဖွဲ့အစည်း၏ ရသင့်ရထိုက်သည့် အခွင့်အရေးများ အတွက်သာ ဖြစ်သည်။

အစောပိုင်းကာလများတွင် စစ်အစိုးရနှင့် တရားဝင်တွေ့ဆုံမှုများ မအောင်မြင်ရခြင်း၏ အဓိက အကြောင်းအရင်းတခုမှာ - ဥပမာ ၁၉၉၅/၉၆ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီနှင့် တွေ့ဆုံမှုတွင် ၎င်းတို့သည် စစ်အစိုးရ သာဖြစ်သည့် အလျောက် နောက်ကွယ်မှ ဟန့်တားရာတွင် တရားဝင်သဘောတူညီချက်အဖြစ် မပြုလုပ်နိုင်ခြင်းနှင့် အမျိုးသားညီလာခံ ကျင်းပမှုမပြီးမချင်း နိုင်ငံရေးရာကိစ္စများကို လုပ်ဆောင်နိုင်ခြင်း မပြုနိုင်ဟု ပြောဆိုခဲ့ကြသည်။

ထို အခြေအနေတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ကရင်အမျိုးသားခေါင်းဆောင် စောဘဦးကြီး၏ အခြေခံမှု (၄) ချက်နှင့် အညီ စစ်အစိုးရနှင့် သဘောတူညီမှုရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ ယင်းအချက်များမှာ -

(၁) လက်နက်ချစကား အလျှဉ်းမပြောရ။

(၂) ကရင့်လက်နက် ကရင့်လက်ထဲမှာ ရှိရမည်။

(၃) ကရင်ပြည်အသိအမှတ်ပြုခြင်း ပြီးပြည့်စုံစေရမည်။

(၄) ကရင့်ကံကြမ္မာ ကရင် ဖန်တီးရမည်။

ထိုစဉ်က အထက်ပါ အခြေခံမှုများကြောင့် တွေ့ဆုံမှုသည် မတင်မကျဖြစ်နေခဲ့သော်လည်း ၂၀၀၅ ခုနှစ် မတ်လ အတွင်း တွေ့ဆုံဆွေးနွေးမှုတွင် လက်နက်ကိုင်ဆောင်ခြင်းကို ခွင့်ပြုခဲ့သည်။ ကရင်တပ်များ ထိန်းချုပ်သည့် နယ်မြေ ဧရိယာများတွင် လှုပ်ရှားနေသည့် စစ်အစိုးရ၏ တပ်များကို ထောက်ပံ့မှုများ ကန့်သတ်ခဲ့သည်။ တခြားတွင်လည်း ကရင်ပြည်တွင်း အိုးအိမ်မဲ့ (ရွှေ့ပြောင်းဒုက္ခသည်) များကို ကရင်တပ်မတော် (KNLA) ၏ ထိန်းချုပ်မှုအောက်တွင် ပြန်လည် နေရာချထားနိုင်ခဲ့ပြီး၊ ၎င်းအပြင် အကာအကွယ်မဲ့ဖြစ်နေသော ကရင်ပြည်သူများကိုလည်း လုံခြုံမှုများကို လုပ်ပေးနိုင်ခဲ့သည်။

၂၀၀၅ ခုနှစ်အတွင်း ရန်ကုန်မြို့တွင်း မကြာခဏ ဗုံးခွဲမှုများတွင် ပါဝင်သည်ဟု စစ်အစိုးရက စွပ်စွဲသောကြောင့် နောက်ဆုံးကမ်းလှမ်းချက်များ ပြန်လည်ပျက်စီးခဲ့သည်။ ပြန်လည်ညှိနှိုင်းဆွေးနွေးရန် စစ်အစိုးရက နောက်ထပ် (၂) အချိန်အတွင်း သတ်မှတ်ခဲ့သည်။ ယင်းအတွက်ကြောင့် ကရင်ခေါင်းဆောင်များ ပြန်လည် လေးလေးနက်နက် သုံးသပ်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ကရင်ခေါင်းဆောင်များအကြားတွင် စစ်အစိုးရ၏ လှည့်စားမှုဟု လက်ခံသောအုပ်စုနှင့် စစ်အစိုးရကို ယုံကြည်သော အုပ်စု ဟူ၍ ရှိခဲ့ကာ နက်ရှိုင်းစွာကွဲပြားလာပြီး မူလအစ ငြိမ်းချမ်းရေးကြိုးပမ်းမှုသည် လည်း တစတစဆုတ်ယုတ်လျော့ပါး လာခဲ့သည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ပထမအကြိမ် ပြန်လည်အစပျိုးပြီး မြန်မာငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နှင့် ကေအဲန်ယူတို့ တွေ့ဆုံခဲ့သည်။ အချိန်တိုအတွင်းမှာပင် ကေအဲန်ယူနှင့် ဖားအံအခြေစိုက် ကရင်ငြိမ်းချမ်းရေး ကော်မတီနှင့် ကရင်နှစ်ချင်းကွန်ဖင်ရှင်းအဖွဲ့တို့အကြား အနာဂတ် ငြိမ်းချမ်းရေးစကားပြောဆိုရန်အတွက် နီးနှော တိုင်ပင်ခဲ့သည်။ ၂၀၁၁ နိုဝင်ဘာလ (၂၉) ရက်နှင့် ၂၀၁၁ ဒီဇင်ဘာလ (၂၁) ရက်များတွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကေအဲန်ယူ ညှိနှိုင်းရေးအဖွဲ့ဝင် ပဒို စောဒေးဗစ်တော က -

> "တွေ့ဆုံဆွေးနွေးမှုများ အလွန်အလားအလာကောင်းတယ် ... တွေ့ဆုံမှု မရှိတာထက် စာရင်ပေါ့။ အကယ်၍ ကျနော်တို့ အချင်းချင်းအကြား ညှိနှိုင်းမှုရှိတော့ သံသယတွေ လျော့လာတယ်။ ရင်းနှီးပွင့်လင်း တဲ့ အခြေအနေများကိုလည်း ဖန်တီးပေးတယ်။ ကျနော်တို့ ကျေနပ်တယ်။ ကျနော်တို့အကြားမှာ ပိုမိုပြီး ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဖြစ်လာတယ်"

တိုက်တိုက်ဆိုင်ဆိုင်ပင် ကေအဲန်ယူမှ ထုတ်ပြန်ကြေညာချက် ထုတ်ရာတွင် ၎င်းတို့၏ အခြေအနေမှာ -

- ဗိုလ်ချုပ်မှူးတူးစေးဖိုးနှင့် ပဒိုစောဒေးဗစ်တော ခေါင်းဆောင်သော ကေအဲန်ယူ ကိုယ်စားလှယ်အဖွဲ့ဝင် (၁၉) ဦးသည် မီးရထားဝန်ကြီး ဦးအောင်မင်းအပါအဝင် အခြားသော မြန်မာအစိုးရကိုယ်စားလှယ်များနှင့် ၂၀၁၂ ခု ဇန်နဝါရီလ (၁၂) ရက်နေ့ ဘားအံမြို့တွင် အပစ်အခတ်ရပ်စဲရေးအတွက် ပဏာမတွေ့ဆုံပွဲ စတင်စကားပြောမည်။

- ၎င်း စကားပြောမှုသည် ဆက်လက်၍ အပစ်အခတ်ရပ်စဲနိုင်ရေးအတွက် ပထမခြေလှမ်းအဖြစ် တိုင်းရင်းသား လူမျိုးများ နှင့် မြန်မာအစိုးရအကြား ကြာမြင့်စွာ ဖြစ်ပေါ်နေသော နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းသွားရေး ပင်ဖြစ်သည်။
- နိုင်ငံရေး ပဋိပက္ခများကို နိုင်ငံရေးနည်းဖြင့် ညှိနှိုင်းဖြေရှင်းခြင်းဖြင့် နှစ်ဖက်စလုံးအတွက် အကျိုးဖြစ်နိုင်မည်ဖြစ်ပြီး ပြီးပြည့်စုံသော ငြိမ်းချမ်းရေးနှင့် ပြည်တွင်းစစ်ချုပ်ငြိမ်းရေး အတွက်ဖြစ်သည်ဟု ကေအဲန်ယူမှ ယုံကြည်သည်။
- ကရင်ပြည်သူအတွက်သာမက မြန်မာပြည်သူပြည်သား အားလုံး၏ အကောင်းဆုံးဘဝကို ဖော်ဆောင်ပေးမည့် လုပ်ငန်းစဉ်ဖြစ်သည်ဟု ကေအဲန်ယူမှ လက်ခံသည်။

ပဒို စောဒေးဗစ်တောမှ မှတ်ချက်ပေးရာတွင် -

> "ကျနော်တို့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို ဦးစားမပေးချင်ဘူး။ ကျနော်တို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ဦးစားပေးချင်တယ်။ ကျနော်တို့ လူတွေ အလွန့်အလွန် စိတ်မချမ်းမမြေ့ ခံစားလာရတာ နှစ်ပေါင်း (၆၂) ကြာခဲ့ပြီ။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆိုတာ သူတို့ဘဝနဲ့ တိုက်ရိုက် မဆက်စပ်နိုင်ဘူး။ ကျနော်တို့ သူတို့ရဲ့ လူနေမှုဘဝတိုးတက်ရေးအတွက် ပထမဦးဆုံး လုပ်ချင်တယ်။ ပြီးမှ ကျနော်တို့ ကရင်ပြည်သူတွေ လက်ခံနိုင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းကို လုပ်နိုင်မယ်။"

ကရင်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့တွင် ကေအဲန်ယူ တပ်မဟာ (၁) နှင့် တပ်မဟာ (၅) မှ လွဲ၍ အားလုံးစုံစုံညီညီ ပါဝင်ပြီး မြန်မာအစိုးရငြိမ်းချမ်းရေးအဖွဲ့နှင့် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ကရင်ပြည်နယ် ဖားအံမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံးမှ အချက် (၁၁) ချက်ပါ တောင်းဆိုချက်များကို တင်ပြပြီး ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီလက်မှတ်ရေးထိုးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့နှင့် ဆွေးနွေးသွားမည်ဖြစ်သည်။ အဆိုပြုချက်များမှာ -

(၁) တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရန်။ အထူးသဖြင့် တိုင်းရင်းသားနယ်မြေများအတွင်း ဖြစ်ပွားနေသည့် စစ်ပွဲများကို အမြန်ဆုံးရပ်စဲရန်။

(၂) ကြောက်ရွံ့ခြင်းကင်းသည့် ပြည်သူပြည်သားဘဝအဖြစ် ရပ်တည်နိုင်ရန် အာမခံ ရမည်။

(၃) ပြည်သူပြည်သားများအတွင်း ယုံကြည်ရသည့် အခြေအနေ တည်ဆောက်ရန်။

(၄) အခြေခံ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရေးနှင့် ဒေသဆိုင်ရာလူထုနှင့် အတိုင်ပင်ခံ ပြုသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အထောက်အကူပေးရန်။

(၅) နိုင်ငံတော် မီဒီယာများအား ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ပူးပေါင်းဆောင်ရွက်စေရန် နှင့် အခြား သတင်း မီဒီယာ များအား တိကျသော ငြိမ်းချမ်းရေးဖြစ်စဉ်များဆိုင်ရာ သတင်းအချက်အလက် ရယူခွင့် ပြုရန်။

(၆) အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်း၊ ပုံစံမျိုးစုံဖြင့် ငွေကြေးကောက်ခံခြင်း၊ ပေးကမ်းလှူဒါန်းခိုင်းခြင်း၊ အခြားသော ငွေကြေးကူညီစေခြင်း မပြုရန်။

(၇) နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန်၊ ပြည်သူပြည်သားများ ဘဝပြန်လည်ထူထောင်ရေးနှင့် ပြည်သူများ၏ မြေယာကိစ္စကို ဖြေရှင်းပေးရန်။

(၈) နှစ်ဖက်စလုံးမှ ငြိမ်းချမ်းရေးပြောဆိုမှုများနှင့် တိုးတက်ရေးနည်းလမ်းများအား အကျိုးဆောင်ပံ့ပိုးကြရန်။

(၉) စေ့စပ်ညှိနှိုင်းမှုစားပွဲဝိုင်းတွင် ပါဝင်သည့် ကိုယ်စားလှယ်များ တရားဝင်မှုရှိစေရန်နှင့် သက်ဆိုင်သည့် နယ်မြေများရှိ ပြည်သူများနှင့် လုံလောက်သည့် တိုင်ပင်မှုပြုချိန် ရရှိရန်နှင့် ဖြစ်စဉ်အား ပြင်ပမှ ကူညီပံ့ပိုးသူများအကြား ရှင်းလင်းသည့် အခန်းကဏ္ဍများ ထားရှိရန်။

(၁၀) ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် စောင့်ကြပ်စစ်ဆေးခြင်း၊ စီစစ်အတည်ပြုခြင်းနှင့် တည့်မတ်မှန်ကန်သော အစီအစဉ် လုပ်ဆောင်မှုများ စတင်ရန်။

(၁၁) ဘက်အားလုံးမှ တည်မြဲသည့် ငြိမ်းချမ်းရေးသို့ ရှေ့ရှုသည့် လုပ်ဆောင်မှုများ တိုးတက်ဖြစ်ပေါ်စေနိုင်ရန်၊ အာမခံသည့် ပျော့ပျောင်းညင်သာသည့် လုပ်ငန်းစဉ်ထားရှိရန်၊ ဘက်တဖက်အပေါ် သတိမဲ့ ခွင့်ပြုလိုက်လျော့သည့် လိုသလို အနက်အဓိပ္ပာယ် ကောက်ယူနိုင်သော ဝေါဟာရ အသုံးအနှုန်းများ ပပျောက်ရေးကို လုပ်ကိုင်ရန် ... တို့ဖြစ်သည်။

ပဏာမသဘောတူညီချက် လက်မှတ်ရေးခြင်းအပေါ် များစွာသော ကြိုဆိုမှုများရှိသည့်အလျောက် အချို့သော ကေအဲန်ယူ ခေါင်းဆောင်များမှ (နားလည်မှုလွဲသည့် အချက်များ) ရှုတ်ထွေးသည့် အချက်များကို ပေးပို့ခဲ့သည်။ ကေအဲန်ယူ ဒုဥက္ကဋ္ဌ ပဒိုဒေးဗစ်သာကဘော က ယင်း၏ စောစောပိုင်း ကြေညာချက်များ ထုတ်ပြန်ရာတွင် -

"အဲဒါ ရထားဝန်ကြီး ဦးအောင်မင်းရဲ့ မရှိသားမှုလို့ ပြောနိုင်တယ်။ လက်မှတ်ထိုးဖို့အတွက် သူ့မှာ လုပ်ပိုင်ခွင့် မရှိဘူး။ သူရဲ့ အခွင့်အာဏာလုပ်ပိုင်ခွင့် အဆင့်ကျော်လွန်ပြီး လုပ်တာများတယ်။ သမ္မတ ဦးသိန်းစိန်နဲ့ ကျနော်တို့ ကရင်အမျိုးသားအစည်းအရုံးရဲ့ ဗဟိုကော်မတီ ကသာ သဘောတူညီမှုကို အတည်ပြု လက်မှတ်ထိုးရမှာ ဖြစ်တယ်။ အရာရာအားလုံးကို ကတိပေးရမှာ လွယ်တယ်။ ကျနော် မေးချင်တာက သူဘာဖြစ်လို့ ကရင်တွေနဲ့ အပစ်အခတ်ရပ်ရေးကို အရင်လိုနေရတာလဲ။ အခု ခြောက်သွေ့တဲ့ နွေရာသီကာလ ရောက်လာပြီ။ အပစ်အခတ်ရပ်စဲ ရေးလည်းလုပ်ပြီ။ ကျနော် ခန့်မှန်းကြည့်တာကတော့ ကရင်ပြည်နယ်အတွင်းမှာ (၂၀၀) ကျော် ရှိတဲ့ တပ်စခန်းတွေရဲ့ လိုအပ်တဲ့ အထောက်အကူပြုပစ္စည်း တွေကို သူတို့ အလျင်အမြန် ပို့လိမ့်မယ်။"

ပဒို ဒေးဗစ်သာကဘောက သူ့ရဲ့ ကြောင့်ကြစိတ်ကို အောက်ပါအတိုင်း ဆက်ပြီး ပြောပါသည်။

"ကျနော်တို့ သတိထားတယ်။ အများကြီး သတိထားတယ်။ ဒီမှာ ဘာမှ ရေရာသေချာတာ မရှိဘူး။ ကျနော်တို့ ယခုတိုင် အစီအစဉ်အစစ်အမှန်ဖြစ်တယ်လို့ မသေချာသေးဘူး။ ကျနော်တို့ကြားတာက သမ္မတဦးသိန်းစိန်က ကောင်းတဲ့ရည်ရွယ်ချက်နဲ့ မြန်မာနိုင်ငံ ဒီမိုကရေစီထွန်းကားရေးအတွက် လုပ်နေတယ်။ ဒါပေမဲ့ ကျနော်တို့ ပြောနိုင်တာက သမ္မတသိန်းစိန်ပြောတဲ့ စကားနဲ့ လက်တွေ့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပျက်နေတာက ပြောင်းပြန်ဖြစ်နေတယ်။ အထူးသဖြင့် စစ်တပ်က ကချင်ပြည်သူတွေကို တိုက်ခိုက်နေတာကိုပဲ ကြည့်၊ သမ္မတသိန်းစိန် ပြောနေတဲ့ ပြောင်းလဲမှုများဟာ ပြောနိုင်တာက အပေါ်ယံလောက်ပဲ ဖြစ်တယ်။ သူတို့ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးမယ်လို့ ကတိပေးထားပေမဲ့ မလွှတ်သေးဘူး။ ဒီမိုကရေစီအတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်နေတဲ့ အတိုက်အခံဖက်က အရေးပါတဲ့ နိုင်ငံရေးသမားတွေကို အကျဉ်းချထားတယ်။ တရားဥပဒေ စိုးမိုးရေး လည်း မရှိသေးဘူး။"

အကျဉ်းသား (၆၅၁) ဦး လွှတ်ပေးသည့် နေ့ မတိုင်ခင် တရက်အလိုတွင် ကေအဲန်ယူ ဒုဥက္ကဋ္ဌ က ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထိုအကျဉ်းသားများတွင် ထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားများစွာ ပါဝင်သည်။ ယင်းကြောင့် မြန်မာအစိုးရ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ပိုမိုအလေးထားလုပ်ဆောင်လာသည်ဟု နိုင်ငံရေးလေ့လာသုံးသပ် သူများက ပိုမို၍ လေးနက်စွာ ယုံကြည်လာသည်။

မြန်မာအစိုးရ၏ ကမ်းလှမ်းမှုနှင့် စပ်လျဉ်း၍ မြန်မာအစိုးရအပေါ် လုံးဝအယုံအကြည်မရှိသော လှုံ့ဆော်မှုအဖွဲ့များနှင့် လက်တွဲသည့် ပြည်ပရောက်ကရင်များကလည်း ပြောဆိုခဲ့သည်။ Burma Campaing နှင့် Euro Karen Network၊ အပြင် ကေအဲန်ယူ၏ ဥရောပကိုယ်စားလှယ်လည်း ဖြစ်သည့် နန့်ဖွားဖွားဖန်းကလည်း ထိုနည်းတူ မယုံသင်္ကာမှု ဖြစ်ခဲ့သည်ကို ပြောဆိုရာတွင် -

> "နှစ်ပေါင်း (၆၀) ကျော်ကြာတဲ့ စစ်ရေးနဲ့ နိုင်ငံရေးပြဿနာကြောင့် ကိုယ်ရဲ့ မွေးရပ်ဌာနေကနေ အတင်းအဓမ္မ မောင်းထုတ်ခံရပြီး ပြည်ပကို ရောက်နေကြတဲ့ ထောင်ပေါင်းများစွာသော ကရင်တွေ အတွက်ကတော့ မြန်မာစစ်အစိုးရနှင့် ကေအဲန်ယူ အကြား စကားပြောနေကြတယ်၊ ပြန်လည်တွေ့ဆုံပြီး ဆွေးနွေးမှုတွေ လုပ်နေကြတယ်ဆိုတာ - တချို့ကတော့ မျှော်လင့်ချက်ကြီးကြီး ထားပြီး အရမ်းစိတ် လှုပ်ရှားနေကြတယ်လို့ သတင်းတွေက ဖော်ပြနေတယ်။ ဒါပေမဲ့ ကျမကတော့ အဲ့ဒီလို နားမလည်ဘူး။ အခုစကားပြောနေတာ ယုံကြည်လို့ မရသေးဘူး။ သံသယ ဖြစ်စရာတွေ အများကြီး ရှိသေးတယ် … လို့ ပြောချင်ပါတယ်။"

> "ကျမတို့ မယုံကြည်ရတဲ့ အကြောင်းအရင်း အများအကြီး ရှိတယ်။ ပထမအချက်အနေနဲ့ကတော့ ကျမတို့ရဲ့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၆၀) အတွေ့အကြုံအရ မြန်မာအစိုးရက တဖက်မှာ ငြိမ်းချမ်းရေး စကားပြောပြီး အခြားတဖက်မှာ စစ်ကိုပဲ အမြဲတမ်း တချိန်ထဲတိုက်နေပါတယ်။ ကျမတို့ အတွေ့အကြုံအရ မြန်မာစစ်အစိုးရနဲ့ ကေအဲန်ယူ တို့အကြားမှာ တရားဝင် အပစ်အခတ်ရပ်စဲရေး လုပ်တာ (၅) ကြိမ် ရှိခဲ့တယ်။ (၅) ကြိမ်စလုံး အစိုးရက လက်နက်ချဖို့ကိုပဲ တောင်းဆိုခဲ့တယ်။"

> "ဒီကြားထဲမှာ အစိုးရဖက်က တရားမဝင်ဆက်သွယ်မှုတွေ အများကြီးရှိခဲ့တယ်။ ဒါပေမဲ့ ဒီလိုလာပြီး ဆက်သွယ်တာဟာ ကျမတို့ ကရင်တွေကို သွေးခွဲဖို့နဲ့ ခွဲခြားဆက်ဆံအုပ်ချုပ်ဖို့ကိုပဲ ကြံစည်နေတာ ဖြစ်တယ်။ ကေအဲန်ယူ နှင့် ကရင်ပြည်သူတွေကိုလည်း လာပြီးသွေးခွဲ တယ်။ ဒီအတွေ့အကြုံတွေကြောင့် ကျမတို့ သူတို့ကို မယုံနိုင်ဘူး။"

ထိုင်းနိုင်ငံ ဒုက္ခသည်စခန်းများတွင်ရှိသည့် လူများနှင့် ပြည်ပရောက် ကရင်လူမျိုးများ၏ အမြင်သည် သိသာထင်ရှားစွာ ခြားနားနေသည်။ ကရင်သတင်းစဉ်၏ အစီရင်ခံစာအရ လူငယ်ခေါင်းဆောင်များ၊ အသက်အရွယ်ကြီးရင့်သူများ၊ လူမှုရေးလုပ်ငန်းလုပ်ဆောင်သူများ အပါအဝင် စုစုပေါင်း (၉) ဦးကို တွေ့ဆုံမေးမြန်းရာတွင် (၈) ဦးက မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းချက်သည် ဒီတချိန်တွင် အပြုသဘောဆောင်၍ ကောင်းသောဖက်ကို ဦးတည်နေ သည်ဟု ယုံကြည်ကြသည်။

ထို့ပြင် ပဒို ဒေးဗစ်သာကဘော၏ အမြင်နှင့် ကွဲပြားခြားနားသည့် ကေအဲန်ယူ တပ်မဟာ (၇) ၏ တပ်မမှူး လည်းဖြစ် ငြိမ်းချမ်းရေးကိုယ်စားလှယ် အဖွဲ့ဝင်လည်း ဖြစ်သည့် ဗိုလ်ချုပ်ဂျော်နီက ယခုအခါ အစိုးရနှင့် စကားပြောရာတွင် အပြုသဘောဆောင်သည့် တုန့်ပြန်မှုဖြစ်ကြောင်းကို အောက်ပါအတိုင်း ပြောခဲ့ရာတွင် -

> "ဒီတကြိမ်တော့ သူတို့က ကျနော်တို့ကို လက်နက်ချဖို့ မတောင်းဆိုဘူး။ သူတို့က တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေးအတွက် လုပ်ပေးချင်တယ် လို့ပြောတယ်။ ဒီတကြိမ်မှာ သူတို့ကို ကျနော်တို့ ယုံတယ်။"

ယခုအခါ သမ္မတသိန်းစိန်က အသစ်တဖန် ဖန်တီးနေသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်စဉ်ကို ကရင်အမျိုးသား အစည်းအရုံးအတွင်းမှ အများအားဖြင့် အပြုသဘောဆောင်သည်ဟု မြင်ကြသည်။ စနစ်တကျ စီမံခန့်ခွဲပြီး ပြင်ဆင် ပြဋ္ဌာန်းသည့် "ထာဝရငြိမ်းချမ်းရေး" ရရှိနိုင်ရေးအတွက် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဆွေးနွေးညှိနှိုင်း အဖြေရှာပြီး နှစ်ဦးနှစ်ဖက် သဘောတူညီမှုများ ရရှိရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကို ရေရှည်အာမခံချက်ပေးနိုင်မည့် နိုင်ငံရေးလမ်းစဉ်များကို တိတိကျကျ ပြဋ္ဌာန်းထားသင့်သည်ကို ကရင်အမျိုးသား အစည်းအရုံး ဗဟိုကော်မတီ စောသမိန်ထွန်းမှ အောက်ပါအတိုင်း ရှင်းပြပါသည်။

"တကယ်တော့ အခုလက်မှတ်ရေးထိုးတယ်ဆိုတာ တရားဝင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မဟုတ်သေးဘူး။ ယာယီသဘောတူညီချက်တခုကို အခြေခံမူဘောင်အောက်မှာ ပဏာမအဆင့် လက်မှတ်ရေးထိုးတဲ့ သဘောပဲ ရှိပါတယ်။ ရှေ့ဆက်ပြီး ဆွေးနွေးစရာတွေ အများကြီးရှိပါသေးတယ်။ ဥပမာ - ကျနော်တို့ရဲ့ ခရိုင်နယ်နိမိတ်ဧရိယာ ဘယ်လောက်ကျယ်မလဲ ... ဒါတွေ မဆွေးနွေးရသေးဘူး။ ဗမာစစ်တပ်တွေဖက်က လုပ်ရမှာက ဖားအံမှာဖြစ်ဖြစ် ကော့ကရိတ်မှာဖြစ်ဖြစ် သူတို့တပ်ကို ထိန်းထား ရမယ်။ သူတို့က ကျနော်တို့ကို ပြန်ပြီး အသိပေးပြောကြားရမှာက ... သူတို့ ဘယ်တပ်က ဘယ်မှာ စခန်းချတယ်ဆိုတာ ပြောပြရမယ်။ အနာဂတ်မှာ နောက်ထပ် ပြဿနာမပေါ်ရအောင် တားဆီးဖို့အတွက် စည်းကမ်းချက်တွေကို သတ်မှတ်ရမယ်။ အဲဒီလို သတ်မှတ်ထားတဲ့ စည်းကမ်းချက်အတိုင်း လိုက်နာဖို့ သူတို့စစ်သားတွေကို သူတို့ကိုယ်တိုင် ပြန်ပြီးတော့ ညွှန်ကြားချက် ပေးရမယ်။ ပြီးတော့ ကျနော်တို့ရဲ့ ဆက်ဆံရေးရုံးကို ထိုင်ဖို့ တာဝန်ခံပုဂ္ဂိုလ်ကို ခန့်အပ်ရအုံးမယ်။ အရာရာအားလုံး ကျနော်တို့ စိတ်တိုင်းကျ ဖြစ်တဲ့အချိန်မှာမှ တရားဝင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးပါလိမ့်မယ်။"

ယခင် သဘောတူညီချက်များ ပျက်စီးရခြင်း အကြောင်းအရင်းကို အများစုက မှတ်ချက်ပေးရာတွင် မြန်မာ့ တပ်မတော်၏ မလိမ့်တပတ်လုပ်မှုကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ ထိုကြောင့် ကရင်အမျိုးသား အစည်းအရုံးအတွင်း စည်းလုံးညီညွတ်ရေးနှင့် ခေါင်းဆောင်အချင်းချင်းအကြား ယုံကြည်မှုတည်ဆောက်ရေး လုပ်ရန်လိုအပ်ကြောင်း ပြောဆိုနေကြပါသည်။ အချို့သော ကရင်ထိပ်သီးခေါင်းဆောင်များသည် မြန်မာအစိုးရအပေါ် လုံးဝအယုံအကြည် မရှိကြောင်း၊ ယခင်ကာလအတွေ့အကြုံများအရ မြန်မာအစိုးရအပေါ် မယုံကြည်နိုင်ကြောင်း ဆက်လက်ပြောဆိုဆဲ ဖြစ်ပါသည်။ ပဒို စောဒေးဗစ်တောက သူကိုယ်တိုင် ကြုံတွေ့ခဲ့သော ၂၀၀၅ ခုနှစ် တွေ့ဆုံညှိနှိုင်းမှုကို သွယ်ဝိုက်၍ ရည်ညွှန်းပြောဆိုရာတွင် -

"ကျနော်တို့ကို လာပြီးဆွေးနွေးတဲ့ မြန်မာအစိုးရဖက်က ခေါင်းဆောင် ခဏခဏပြောင်းလဲနေတာနဲ့ ဒီလို ခဏခဏ ပြောင်းလဲသွားတဲ့ ခေါင်းဆောင်တဦးချင်းကလည်း လက်ရှိဖြစ်ပျက်နေတဲ့ နိုင်ငံရေး အခြေအနေကို သုံးသပ်ပုံသုံးသပ်နည်း မတူကြဘူး။ ဒီလို မြန်မာအစိုးရဖက်က ခေါင်းဆောင် ခဏခဏ ပြောင်းပြီး ခေါင်းဆောင်တွေရဲ့ အမြင် ခဏခဏပြောင်းလဲတာ ကျနော်တို့အတွက် ပြဿနာ ဖြစ်နေ ပါတယ်။ ဒီခေါင်းဆောင်တွေထဲမှာလည်း တချို့က ငြိမ်းချမ်းရေးကို လိုလားတဲ့အုပ်စုဖက်က ဖြစ်ပြီး တချို့ ကျပြန်တော့ ငြိမ်းချမ်းရေးကို ဆန့်ကျင်တဲ့ အုပ်စုဖက်က ဖြစ်နေတတ်ပါတယ်။ ဒါကြောင့် ကျနော်တို့နဲ့ လာရောက်ဆွေးနွေးတဲ့ ပုဂ္ဂိုလ်များ၊ ကြားလူအဖြစ် ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်များရဲ့ အကျင့်သိက္ခာနဲ့ ဂုဏ်သရေ ဘယ်လောက်စိတ်ချယုံကြည်ရမယ်ဆိုတာ တွေ့ဆုံဆွေးနွေးမှု အောင်မြင်ရေး အတွက် အခရာ ဖြစ်ပါတယ်။ ကျနော်တို့ဘက်မှာ ရှိနေကြတဲ့ အတိုက်အခံအင်အားစုများရဲ့ ဩဇာလွှမ်းမိုးမှု ကလည်း ကျနော်တို့ ကေအဲန်ယူရဲ့ နိုင်ငံရေးဆုံးဖြတ်ချက်များကို လာပြီးလွှမ်းမိုးနေတတ်တယ်။ ဒါတွေကြောင့်

တခါတခါမှာ ကေအဲန်ယူအတွင်း အုပ်စုကွဲပြားမှု၊ အချင်းချင်း မညီညွတ်မှုတွေကို လာပြီး ဖန်တီးနေ တတ်ပါတယ်။"

## အနာဂတ်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအင်အားစုများက ယခုလို ပဏာမအပစ်အခတ်ရပ်စဲရေးအတွက် လက်မှတ် ရေးထိုးခြင်းသည် ယခင်က ဖြစ်ပျက်ခဲ့သော အစဉ်အလာပောင်းကို ကျော်လွန်၍ လုပ်ဆောင်နေသည့် သမ္မတ ဦးသိန်းစိန်အစိုးရ၏ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက် အောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေ ရုံသာမက အနာဂတ်တွင် ဖြစ်ပေါ်လာမည့် နိုင်ငံရေးဖြစ်စဉ်တခုလုံးတွင် တိုင်းရင်းသားလူမျိုးများ ပူးပေါင်း ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်း ပွင့်စေမည်ဟု သုံးသပ်ကြပါသည်။ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း)/ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA-N) သည် ဇန်နဝါရီလ (၃၁) ရက်နေ့တွင်၎င်း၊ မွန်ပြည်သစ်ပါတီ (NMSP) သည် ဖေဖော်ဝါရီလ (၁) ရက်နေ့တွင်၎င်း မြန်မာအစိုးရနှင့် ပဏာမအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သည်။ ထို့အတူ ကရင်နီပြည် တိုးတက်ရေးပါတီ (KNPP) ကလည်း မြန်မာအစိုးရနှင့် အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ မကြာခင် ကျင်းပရန် စိုင်းပြင်းနေသည်ဟု သိရပါသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တောင်းဆိုသော ကချင်ပြည်နယ်အတွင်းရှိ ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် မြန်မာစစ်တပ်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်း၊ လူ့အခွင့်အရေးများ ဆက်လက် ချိုးဖောက်နေခြင်း တို့သည် ငြိမ်းချမ်းရေးတည်ဆောက်ရန်အတွက် ကျန်နေသေးသည့် အဟန့်အတားတခု ဖြစ်နေသည်မှာ သံသယ ဖြစ်ဖွယ်ရာမရှိပေ။ ကချင်ပြည်နယ်မှ လွဲ၍ အခြား တိုင်းရင်းသားဒေသများတွင် "အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး" ဟူသော စကားရပ်များ ခေတ်စားနေပါသည်။ တချို့ အဖွဲ့များကမူ တဖက်တွင် အပစ်အခတ်ရပ်စဲ ရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးပြီး အခြားတဖက်တွင်လည်း စစ်ရေးပြင်ဆင်မှုကို လုပ်လျှုမရှုသင့်ဟု သုံးသပ်ကြပါသည်။

ယခင် ကြုံတွေ့ခဲ့ဘူးသော မြန်မာအစိုးရဖက်မှ ကတိပျက်မှုများ၊ ပျက်စီးရပ်ဆိုင်းခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များနှင့် ကြုံတွေ့ခဲ့ဘူးသော အမှားများကို သင်ခန်းစာယူ၍ သတိဝိရိယဖြင့် လက်ရှိနိုင်ငံရေး အခင်းအကျင်းကို ဖက်ပေါင်းစုံမှ အနုလုံ ပဋိလုံ လေ့လာသုံးသပ်ရန် လိုအပ်နေပါသည်။ သို့ရာတွင် အတိတ်၏ အမှားကြောင့် အနာဂတ်ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် တိုင်းပြည် တိုးတက်သာယာရေး တို့ကို အဟန့်အတား၊ အနှောင့်အယှက် မဖြစ်စေသင့်ပေ။ ထို့ကြောင့် ပဏာမ အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်မှ နိုင်ငံရေးအရ အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲ ဖြစ်ပေါ်လာရေးအတွက် မကြာခင် တက်လှမ်းနိုင်လိမ့်မည် ဟု မျှော်လင့်သုံးသပ်ရပေသည်။